December 24 1965

အမှတ်စဉ် (၇)

TIME INTERNATIONAL MAGAZINE

**Vol. 86 No. 26**

# ရှက်စရာ ရှိလည်းအတူတူ

စစ် အာဏာရှင် တစ်ယောက်အဖို့ ပွင့်လင်းမှုရှိခြင်း ဆိုတာ ရှားပါးတဲ့ အရည်အသွေး တစ်ခု ဖြစ်ပြီး၊ မိမိကိုယ် မိမိ ဝေဖန်ခြင်း ဆိုတာ ကတော့ ပိုလို့တောင်မှ ရှားပါသေးတယ်။

ဒါပေမဲ့ မြန်မာပြည်က အာဏာရှင် ဗိုလ်ချုပ်ကြီး နေဝင်း ကတော့ မကြာမီကမှ ရန်ကုန်မှာ ကျင်းပခဲ့တဲ့ဆိုရှယ်လစ်လမ်းစဉ် ပါတီနှီးနှော ဖလှယ်ပွဲ မှာ အဲ့သည့် အရည်အသွေး ၂ ခု လုံးကို ပေါပေါကြွယ်ကြွယ် ကြီးကို ထုတ်ပြခဲ့ပါတယ်။ ၁၉၆၂ မှာ အာဏာ ယူပြီး၊ မြင်မြင် သမျှ အရာရာတိုင်းကို ပြည်သူပိုင် သိမ်းခဲ့တဲ့နောက်ပိုင်းမှာ စတင်ခဲ့တဲ့ သူ့ရဲ့ "မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ဆိုရှယ်လစ်လမ်းစဉ်" သို့ချီတက်ရာ တွင် တွေ့ကြုံခဲ့ရသော ခလုတ်ကန်သင်း ကျင်းချိုင့် များ ဆိုတဲ့ ခေါင်းစဉ် အောက်မှာ ဆွေးနွေးနေစဉ်အတွင်းမှာဖြစ်ပါတယ်။ စီးပွားရေး ကတော့ ဖရိုဖရဲ ဖြစ်ကုန်ပြီ လို့ ဗိုလ်ချုပ်ကြီးက ဝန်ခံခဲ့ပါတယ်၊ "မြန်မာပြည်သာ စားနပ်ရိက္ခာ ပေါများတဲ့ နိုင်ငံ မဟုတ်ဘူး ဆိုရင်ကျုပ်တို့တော့ ငတ်ကုန်တာကြာပြီ" လို့ ထပ်ပြီးပြောခဲ့ပါတယ်။

သူ ပြောသလို ဘယ်သူမှ မငတ်သေးတဲ့ အကြောင်းကတော့ လယ်ယာ လုပ်ငန်းကို ပုဂ္ဂလိက ပိုင်စီးပွားရေး ကဏ္ဍ တစ်ခုအဖြစ်နေဝင်း က ခုထိ ချန်ထားခဲ့သေးလို့ပါပဲ။ ပြင်သစ်ထက် ပိုမို ကျယ်ပြန့်ပြီး လူဦးရေ ၂၃ သန်းရှိတဲ့ မြန်မာနိုင်ငံမှာ လူတော်တော်များများဟာ စိမ်းစိုနေတဲ့ လယ်ကွင်းတွေ ကြားမှာ နေထိုင်လျှက်ရှိကြပြီး၊ သူတို့အတွက် ဆန်စပါး ကတော့ အလျှံပယ်ပါပဲ။ အဲ့တာက လွဲလို့ သည့်ပြင် ကတော့ ဘာဆိုဘာမှ အလျှံပယ် မရှိပါဘူး။ ထမင်းကလွဲပြီးအခြား ဟင်းလျာ အတွက် မရှိမဖြစ် လိုအပ်တဲ့ ကြက်သွန်၊ ငရုပ် ကောင်း၊ ဆား နဲ့ စားသုံးဆီ ကတော့ ခွဲတမ်းစနစ် နဲ့ တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထာ တဲ့"ပြည့်သူ့ဆိုင်" ဆိုတာတွေမှာ သာ ရနိုင် ပါတယ်၊ ဒါမှမဟုတ်ရင် အခုအခါမှာ မှိုလို ပေါက်လာတဲ့ မှောင်ခိုဈေးကွက်တွေမှာလည်း ရပါတယ်။

နေဝင်းရဲ့ "မြန်မာလူမျိုးများအတွက်ဖြစ်ရေး" ဆိုတဲ့ လုပ်ငန်းစဉ်အရ အိန္ဒိယ နဲ့ ပါကစ္စတန် ကုလားဆိုင်ရှင်တွေကိုမောင်းထုတ်ပြစ် ခဲ့ကြ ပါတယ်၊ ပြည့်သူ့ဆိုင်တွေမှာ အစားထိုး လိုက်တဲ့ မြန်မာလူမျိုး တွေအနေနဲ့ က လက်လီဖေါက်ကား ရောင်းဝယ်ရေး တွေမှာ ကျွမ်းကျင်မှု မရှိကြပါဘူး၊ "အစိုးရ အနေနဲ့ လူအများမျှော်လင့်တောင့်တ နေတဲ့ ကုန်ပစ္စည်း ၈ မျိုးကို တိုးမြှင့် ထုတ် လုပ်ပေးတဲ့ အ တွက် ချီးကြူးပါကြောင်း၊ သို့သော်လည်း ၄င်းတို့ကိုပြည့်သူ့ဆိုင်တွေမှာ မတွေ့ရသေးပါကြောင်း" လို့ ရန်ကုန်ရှိ စားသုံး သူ တစ်ယောက်က သတင်းစာမှာ သရော်ရေးသားထားတာတွေ့ရပါတယ်။ နောက်တစ်ခုသရော်ထားတာက ပထမဆု အဖြစ် ဖေါ်ပြ ထားတဲ့ ထီလက်မှတ်တစ်စောင် အကြောင်းပါ၊ ထီပေါက်ခဲ့လို့ရှိရင် မိမိတို့ ရပ်ကွက် ပြည့်သူ့ဆိုင်မှာ ထီးတစ်လက် ထုတ်ယူခွင့်ရှိတယ်ဆိုတဲ့ အကြောင်းရေးသားထားတာပါ။

နေဝင်းက ပြည်သူပိုင်သိမ်းတဲ့နေရာမှာ "ပြီးလွယ်စီးလွယ်" ပြုလုပ်ခဲ့လို့ ခရီးမရောက်ခဲ့ရကြောင်း ဝန်ခံခဲ့ပါတယ်။"ကျားမြီးကို ဆွဲထား ရသလို ဖြစ်နေပြီ၊ အခြားလည်း ဘာမှ လုပ်မရတော့ ဒါကြီးကိုပဲ ဆက်ဆွဲထားရတော့မှာပဲ"လို့ ပြောခဲ့ပါတယ်။ တရုပ်နီ၊ ရုရှား နဲ့အမေ ရိကန် တို့မှာ အခါအားလျှော်စွာ စီးပွားရေး ပြဿနာ များရှိကြကြောင်းလည်း ထောက်ပြပြောဆိုသွားပါသေးတယ်။ အရင်းရှင် စနစ် နဲ့ ကွန်မြူနစ် ဝါဒ တစ်ခုနဲ့တစ်ခုက အဆက်အစပ်မရှိ အမှီသဟဲ ပြုခြင်း မရှိကြသော်လည်းပဲ၊နေဝင်းရဲ့ အကောင်းဆုံးကြွားလုံးထုတ် ချက် တခု ကတော့၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် သည်၊ ယင်းဝါဒ ၂ ခုမှ အကောင်းဆုံးများကို ထုတ်နှုတ်သုံးစွဲထားတယ် ဆိုတာပါပဲ။

နီးနှောဖလှယ်ပွဲ မှာ အချို့က ကုန်စည်ဖြန့်ဖြူးရေးမှာ ကမောက်ကမ ဖြစ်ရတဲ့ ကိစ္စမှာ ပြည့်သူ့ဆိုင်များရဲ့ အကြီးအကဲတာ ဝန်ခံ နှင့် နေဝင်းရဲ့ အစိုးရအဖွဲ့ထဲမှာ၊ မက်(စ်) ဝါ ဒီ အဆန်ဆုံးလည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးတင်ဖေမှာ တာဝန်အရှိဆုံးလို့ သုံးသပ်ကြပါတယ်၊

“ဗိုလ်မှူးချုပ် ပဲတာဝန်ရှိတာမဟုတ်ပါဘူး၊ ကျွန်တော်အပါအဝင်၊ အစိုးရ တဖွဲ့လုံး တာဝန်မကင်းပါဘူး၊ အားလုံးကစုပေါင်းဆောင် ရွက်ခဲ့ကြတာ ဖြစ်လို့၊ စုပေါင်းတာဝန်ယူ ဖြေရှင်းကြရ မယ်” လို့ ယောက်ကျားပီပီ ပဲ နေဝင်း ကပြောလိုက်ပါတယ်။

တဖက်မှာလည်း နေဝင်းက ဆိုရှယ်လစ် အစဉ်အလာ ကောင်းများနဲ့ အညီ၊ စုပေါင်းအဖြေရှာတဲ့နည်းကို ဆက်လက်ကျင့်သုံးကြဘို့သူ့ လုပ်ဖေါ်ကိုင်ဖက်တွေကို တိုက်တွန်းခဲ့ပါသေးတယ်။

---